**Takeda / Moderna ကုမ္ပဏီ ကာကွယ်ဆေးအတွက်**
**(၂၀၂၂ ခုနှစ် ဇန်နဝါရီလ)**

# Covid-19 ကာကွယ်ဆေးညွှန်ကြားချက်များ

## (ထပ်ဆောင်း (တတိယအကြိမ်) ထိုးနှံမှုအတွက်)

### COVID-19 ကာကွယ်ဆေးထိုးခြင်းအကြောင်း

ဤကာကွယ်ဆေးထိုးခြင်းကို နိုင်ငံတော်နှင့်ဒေသန္တရအစိုးရများမှ COVID-19 (SARS-CoV-2) ကာကွယ်ဆေးထိုးခြင်းစီမံကိန်း၏တစ်စိတ်တစ်ပိုင်းအနေဖြင့် ပြုလုပ်ပါမည်။ ဤကာကွယ်ဆေးထိုးခြင်းသည် အများပြည်သူ့ရန်ပုံငွေအဖြစ်အကျုံးဝင်ပြီး ဆန္ဒရှိသူများသည် အခမဲ့ ဆေးထိုးနိုင်ပါသည်။ ထို့အပြင် ဤကာကွယ်ဆေး၏ ထပ်ဆောင်း (တတိယအကြိမ်) ထိုးနှံမှုသည် အသက် ၁၈ နှစ်နှင့်အထက်ရှိသူများအတွက်ဖြစ်ပါသည်။

### ကာကွယ်ဆေးအကျိုးသက်ရောက်မှုနှင့်ဆေးထိုးရန်နည်းလမ်း

ယခုတစ်ခေါက် ထိုးမည့်ကာကွယ်ဆေးသည် Takeda / Moderna ကုမ္ပဏီမှထုတ်လုပ်သောကာကွယ်ဆေးဖြစ်ပါသည်။ COVID-19 ကူးစက်ရောဂါဖြစ်ပွားမှုကိုကာကွယ်ပေးပါသည်။

ဤကာကွယ်ဆေးကို ထပ်ဆောင်းထိုးနှံပြီး ၂၈ ရက်အကြာရှိ Neutralizing antibody ပမာဏမှာ၊ ဒုတိယအကြိမ် ထိုးနှံပြီး ၂၈ ရက်အကြာရှိ Neutralizing antibody ပမာဏထက် တန်ဖိုးမြင့်တက်လာကြောင်း အစီရင်ခံထားပါသည်။

| | |
|---|---|
| ကုန်အမှတ်တံဆိပ်အမည် | Spikevax™ အသားထိုးဆေး |
| ထိရောက်မှု ・ အကျိုးသက်ရောက်မှု | SARS-CoV-2 ကြောင့်ဖြစ်သောကူးစက်ရောဂါများကိုကာကွယ်ခြင်း |
| ဆေးထိုးရန်အကြိမ်ရေ / ခြားရမည့်ကာလ | ၁ ကြိမ် (ဒုတိယအကြိမ် ထိုးနှံပြီးစီး၍ ကာလတစ်ခုကြာပြီးနောက်) * အသားအတွင်းထိုးဆေး |
| ကာကွယ်ဆေးထိုးနိုင်သူများ | ၁၈ နှစ်နှင့်အထက် (အသက် ၁၈ နှစ် မပြည့်သေးသူများအတွက် ထပ်ဆောင်းထိုးနှံခြင်း၏ ထိရောက်မှုနှင့် ဘေးကင်းစိတ်ချရမှုကို ရှင်းရှင်းလင်းလင်း မသိရှိရသေးပါ။) |
| ထိုးရမည့်ပမာဏ | ၁ ကြိမ်လျှင် 0.25 mL ဖြင့် ၁ ကြိမ် |

- ကာကွယ်ဆေးထိုးနှံမှုဥပဒေကို အခြေပြုထားသော ထပ်ဆောင်းထိုးနှံရန်အတွက် အချိန်ကာလကွာခြားမှုမှာ ဆေးထိုးနှံမည့်ပုဂ္ဂိုလ်တစ်ဦးချင်းစီအလိုက် ကွဲပြားပါလိမ့်မည်။ (လက်ရှိတွင် ၆〜၈လအကြာ) သင်တို့ နေထိုင်ရာဒေသ၏ ဒေသခံအစိုးရထံမှ အကြောင်းကြားစာကို သတိပြုစစ်ဆေးပါ။
- ပထမအကြိမ်နှင့် ဒုတိယအကြိမ်ထိုးနှံရာတွင် အသုံးပြုခဲ့သော ကာကွယ်ဆေးအမျိုးအစားနှင့် မသက်ဆိုင်ဘဲ၊ ဤကာကွယ်ဆေးကို ထိုးနှံနိုင်ပါသည်။
- ဤကာကွယ်ဆေးကို ထပ်ဆောင်းထိုးနှံသော်လည်း ကူးစက်မှုကို ပြီးပြည့်စုံစွာ ကာကွယ်ပေးနိုင်မည်မဟုတ်ပါ။ ကာကွယ်ဆေးထိုးထားသော်ငြားလည်း သင့်လျော်သောရောဂါကူးစက်မှု ကာကွယ်ရေးအစီအမံများကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသည်။

### ကာကွယ်ဆေးမထိုးနိုင်သူများ

အောက်ဖော်ပြပါအချက်များနှင့်ကိုက်ညီသူများသည် ဤကာကွယ်ဆေး ထိုး၍မရပါ။ ကိုက်ညီသည်ဟုထင်လျှင် ကာကွယ်ဆေးမထိုးမီ တိုင်ပင်ဆွေးနွေးချိန်တွင် သေချာပေါက် ဆရာဝန်အား ပြောပါ။

- သိသာစွာအဖျားရှိနေသူ (* 1)
- လက်တလောပြင်းထန်သော ရောဂါဝေဒနာခံစားနေရသူများ
- ဤကာကွယ်ဆေး၏ပါဝင်သောဓာတ်များနှင့် ပြင်းထန်သည့်ဓာတ်မတည့်မှု(* 2) ရှိဖူးသူ
- အထက်တွင်ဖော်ပြထားသည်များအပြင်ကာကွယ်ဆေးထိုးရန်မသင့်လျော်သောအခြေအနေတွင်ရှိသူများ

(* 1) သိသာစွာအဖျားရှိနေခြင်းဆိုသည်မှာ ပုံမှန် 37.5 ဒီဂရီစင်တီဂရိတ်နှင့်အထက်ကို ဆိုလိုသည်။ သို့သော် အပူချိန် 37.5 ဒီဂရီစင်တီဂရိတ်အောက်သို့ကျဆင်းနေသော်လည်း ခန္ဓာကိုယ်အပူချိန်ကိုစမ်းကြည့်၍ အဖျားရှိသည်ဟု သတ်မှတ်လျှင် ဆေးထိုး၍မရပါ။

(* 2) ပြင်းထန်သောဓာတ်မတည့်ခြင်း၊ ခန္ဓာကိုယ်တစ်ခုလုံး အရေပြား၊ ချွဲမြှေးရောဂါလက္ခဏာ၊ အသက်ရှူသံဟိန်းခြင်း၊ အသက်ရှူကျပ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ သွေးပေါင်ကျခြင်းစသဖြင့် ပြင်းထန်သောဓာတ်မတည့်ခြင်းဟုထင်ရသော ရောဂါလက္ခဏာများ။

ပထမအကြိမ် သို့မဟုတ် ဒုတိယအကြိမ် ထိုးနှံရာတွင် ဖော်ပြပါ ရောဂါလက္ခဏာများ ဖြစ်ပွားခဲ့ဖူးသူများသည် (ထိုစဉ်က ထိုးနှံခဲ့သည့်) တူညီသောကာကွယ်ဆေးအမျိုးအစားကို သုံး၍ ထပ်ဆောင်းထိုးနှံမှုကို ပြုလုပ်နိုင်မည် မဟုတ်ပါ။

### ကာကွယ်ဆေးထိုးသည့်အခါသတိထားရန်လိုအပ်သူများ

အောက်ဖော်ပြပါအချက်များနှင့်ကိုက်ညီသူများသည် ဤကာကွယ်ဆေးထိုးသည့်အခါ ဂရုပြုရန်လိုအပ်ပါသည်။ ကိုက်ညီသည်ဟုထင်လျှင် ကာကွယ်ဆေးမထိုးမီ တိုင်ပင်ဆွေးနွေးချိန်တွင် သေချာပေါက် ဆရာဝန်အား ပြောပါ။

- သွေးပျစ်ခြင်းနှင့်သွေးခဲခြင်းတားဆီးမှုကုထုံးခံယူနေသူ၊ သွေးမွှားဥ (Platelet) နည်းပါးသောရောဂါ သို့မဟုတ် သွေးပျစ်ခြင်းနှင့်သွေးခဲခြင်းရောဂါရှိသူ
- ယခင်က ကိုယ်ခံအားမလုံလောက်မှုတွေ့ရှိဖူးသူ၊ မိသားစုနှင့်ဆွေမျိုးနီးစပ်သူများတွင် မွေးရာပါ ကိုယ်ခံအားမလုံလောက်မှုရောဂါဖြစ်နေသူ ရှိသောသူ
- နှလုံး၊ ကျောက်ကပ်၊ အသည်း၊ သွေးရောဂါနှင့် ဖွံ့ဖြိုးမှုဆိုင်ရာနှေးကွေးခြင်းစသည့် အခြေခံရောဂါများရှိသူ
- ယခင်က ကာကွယ်ဆေးထိုးပြီး 2 ရက်အတွင်း ဖျားခြင်းနှင့် ခန္ဓာကိုယ်တစ်ခုလုံးတွင် အဖုအပိန့်များကဲ့သို့သော ဓာတ်မတည့်ခြင်းဟုထင်ရသည့် လက္ခဏာရှိခဲ့ဖူးသူများ
- ယခင်က အကြောဆွဲခြင်းဖြစ်ဖူးသူများ
- ဤကာကွယ်ဆေး၏ပါဝင်သောဓာတ်များနှင့် ဓာတ်မတည့်နိုင်ခြေရှိသူများ

ကိုယ်ဝန်ဆောင်နေစဉ် သို့မဟုတ် ကိုယ်ဝန်ဆောင်နိုင်ခြေရှိသူ၊ နို့တိုက်နေသူသည် ကာကွယ်ဆေးမထိုးမီ တိုင်ပင်ဆွေးနွေးချိန်တွင် သေချာပေါက် ဆရာဝန်အား ပြောပါ။

သို့သော် သင်၏မိသားစုဆရာဝန်ဖြစ်သူ သားဖွားမီးယပ်အထူးကုထံတွင် စစ်ဆေးအတည်ပြုခြင်း မရှိထားသည့်တိုင်အောင်၊ ကာကွယ်ဆေးမထိုးမီ ကြိုတင်စစ်ဆေးသည့်ဆရာဝန်မှ ကာကွယ်ဆေးထိုးနှံနိုင်သည်ဟု ဆုံးဖြတ်ပေးမည်ဆိုပါက ကာကွယ်ဆေးထိုးနှံနိုင်ပါသည်။

ဤကာကွယ်ဆေး၌ ယခင်ကာကွယ်ဆေးများတွင် အသုံးမပြုဖူးသောထပ်ပေါင်းဆေးများ ပါဝင်ပါသည်။ ယခင်က ဆေးအလွန်အမင်း ဓာတ်မတည့်မှုဖြစ်ဖူးသူသည် ကာကွယ်ဆေးမထိုးမီ တိုင်ပင်ဆွေးနွေးချိန်တွင် သေချာပေါက် ဆရာဝန်အား ပြောပါ။

(နောက်သို့ဆက်ဖတ်ရန်)

**ကာကွယ်ဆေးထိုးပြီးနောက်သတိပြုရန်အချက်များ**

- ဤကာကွယ်ဆေးထိုးပြီးနောက် 15 မိနစ်နှင့်အထက် (ယခင်က ပြင်းထန်သောဓာတ်မတည့်ခြင်းအပါအဝင် ပြင်းထန်သောဓာတ်မတည့်မှုလက္ခဏာများဖြစ်ဖူးသူနှင့် စိတ်ထဲတွင်နေထိုင်မကောင်းခြင်း၊ သွေးပေါင်ကျ၍သတိလစ်ခြင်းများ ဖြစ်ဖူးသူသည် မိနစ် 30 နှင့်အထက် ) ကာကွယ်ဆေးထိုးမှုခံယူထားသောအဆောက်အဦတွင် စောင့်ဆိုင်း၍ ခန္ဓာကိုယ်အခြေအနေ ပုံမှန်မဟုတ်ဟုခံစားရပါက ဆရာဝန်ထံ ချက်ချင်းအကြောင်းကြားပါ။ (ရုတ်တရက်ဖြစ်ပွားသောဘေးထွက်ဆိုးကျိုးလက္ခဏာများကို တုန့်ပြန်နိုင်သည်။ )
- ဆေးထိုးထားသည့်နေရာကို သန့်ရှင်းစွာထား၍ ဆေးထိုးသည့်နေ့တွင် ရေချိုးနိုင်သော်လည်း ဆေးထိုးထားသည့် နေရာကိုမပွတ်ပါနှင့်။
- ပုံမှန် သွားလာလှုပ်ရှားရန် ပြဿနာမရှိသော်လည်း ပြင်းထန်သောလေ့ကျင့်ခန်းလုပ်ခြင်းနှင့် အလွန်အကျွံအရက်သောက်ခြင်းများကို ရှောင်ကြဉ်ပါ။

**ဘေးထွက်ဆိုးကျိုးလက္ခဏာများအကြောင်း**

- အဓိကဘေးထွက်ဆိုးကျိုးလက္ခဏာများမှာ ဆေးထိုးထားသည့်နေရာနာကျင်ခြင်း(*1)၊ ခေါင်းကိုက်ခြင်း၊ အဆစ်နှင့်ကြွက်သားနာကျင်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အအေးမိခြင်း၊ ဖျားခြင်းစသည်တို့ဖြစ်ပါသည်။ ထို့ပြင် ရှားရှားပါးပါးဖြစ်တတ်သောပြင်းထန်သည့် ဘေးထွက်ဆိုးကျိုးလက္ခဏာအဖြစ် ရုတ်တရက်သွေးပေါင် အလွန်အမင်းကျဆင်းခြင်း နှင့် ပြင်းထန်သောဓာတ်မတည့်ခြင်း (Anaphylaxis) တို့ ရှိပါသည်။ ထို့ပြင် ဤကာကွယ်ဆေးသည် ကာကွယ်ဆေးအမျိုးအစားအသစ် တစ်ခုဖြစ်သဖြင့် ယခုအချိန်အထိမရှင်းလင်းသေးသော ရောဂါလက္ခဏာများပေါ်ပေါက်လာနိုင်ခြေရှိပါသည်။ ကာကွယ်ဆေးထိုးပြီးနောက် စိတ်ထဲမသင်္ကာသောရောဂါလက္ခဏာကို သတိပြုမိပါက ဆေးထိုးခဲ့သောဆရာဝန် သို့မဟုတ် မိသားစုဆရာဝန်နှင့်တိုင်ပင်ပါ။

(※1) ပထမဆုံးအကြိမ် ( ပထမအကြိမ် / ဒုတိယအကြိမ်) ထိုးနှံမှုများတွင် ကာကွယ်ဆေးထိုးနှံပြီးလျှင်ပြီးချင်းတွင်မဟုတ်ဘဲ နောက်တစ်နေ့တွင် နာကျင်မှုခံစားရသူ များပြားကာ၊ ထို့အပြင် ကာကွယ်ဆေးထိုးနှံပြီး တစ်ပတ်ခန့်ကြာမြင့်ပြီးမှ နာကျင်ခြင်းနှင့်ရောင်ရမ်းခြင်းစသကဲ့သို့ ဖြစ်ပွားမှုမျိုးများကိုလည်း သတင်းပေးပို့လာပါသည်။

- ကြုံတောင့်ကြုံခဲဖြစ်စဉ်မျိုးဖြစ်သော်လည်း ပထမဆုံးအကြိမ် ထိုးနှံရာတွင် ကာကွယ်ဆေးထိုးနှံပြီးနောက် နှလုံးကြွက်သားရောင်ရမ်းခြင်းနှင့် နှလုံးအမြှေးပါး ရောင်ရမ်းခြင်းတို့ ဖြစ်ပွားနိုင်ကြောင်း သံသယရှိဖွယ် သာဓကများကို သတင်းထုတ်ပြန်ထားပါသည် (※2)။ ဆေးထိုးနှံပြီးနောက် ရက်အနည်းငယ်အတွင်း ရင်ဘက်အောင့်ခြင်းနှင့် နှလုံးခုန်နှုန်း မူမမှန်ခြင်း၊ အသက်ရှူကြပ်ခြင်း၊ ခန္ဓာကိုယ်ရောင်ရမ်းခြင်း ကဲ့သို့သော ရောဂါလက္ခဏာများ ထွက်ပေါ်လာပါက၊ ဆေးကုသမှုအဖွဲ့အစည်းနှင့် ဆောလျင်စွာ တိုင်ပင်ဆွေးနွေးပါ။

(※2) ပထမအကြိမ်ထက် ဒုတိယအကြိမ်ကာကွယ်ဆေးထိုးပြီးနောက်တွင် အဖြစ်များပြီး၊ လူငယ်လူရွယ်များ၊ အထူးသဖြင့် အမျိုးသားများတွင် အဖြစ်များတတ်ကြောင်း တွေ့ရှိရသည်။

- ထပ်ဆောင်းထိုးနှံရာတွင်  ပထမအကြိမ်နှင့် ဒုတိယအကြိမ်ထိုးနှံမှုများနှင့် နှိုင်းယှဉ်ကြည့်ပါက၊ ပြန်ရည်ကျိတ်ရောင်ခြင်းမှာ အဖြစ်များကြောင်း (20% ခန့်) သတင်း ထုတ်ပြန်ထားပါသည်။ ရောဂါလက္ခဏာများ ပိုမိုဆိုးရွားလာပြီး ကာလကြာရှည်စွာဖြစ်လာမည်ဆိုပါက၊ ဆေးကုသမှုအဖွဲ့အစည်းများနှင့် စစ်ဆေးမှုခံယူပါ။

**ကာကွယ်ဆေးထိုးခြင်းကြောင့် ကျန်းမာရေးထိခိုက်မှုဖြစ်စဉ်အတွက် ငွေကြေးထောက်ပံ့ရေးစနစ်အကြောင်း**

ကာကွယ်ဆေးထိုးခြင်းသည် ကျန်းမာရေးဆိုင်ရာထိခိုက်မှု (ရောဂါဖြစ်ခြင်း၊ မသန်စွမ်းမှုကျန်ရှိခြင်း) ဖြစ်ပွားသည်မျိုး ရှိပါသည်။ ဖြစ်နိုင်ခြေအလွန့်အလွန် နည်းပါးသော်လည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သောကြောင့် ထောက်ပံ့ရေးစနစ်ကို ထားရှိပါသည်။
Covid-19 ကာကွယ်ဆေးထိုးခြင်းကြောင့် ကျန်းမာရေးဆိုင်ရာထိခိုက်မှုဖြစ်လျှင် ကာကွယ်ဆေးထိုးခြင်းဥပဒေအပေါ်အခြေခံ၍ ထောက်ပံ့ရေး (ဆေးကုသမှုကုန်ကျစရိတ်၊ မသန်စွမ်းပင်စင်စသည် ထောက်ပံ့ခြင်း) ရရှိနိုင်သည်။ လျှောက်ထားရန်လိုအပ်သောလုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ နေထိုင်သူကဒ်ပြားရှိသောဒေသန္တရအစိုးရနှင့်တိုင်ပင်ပါ။

---

**COVID-19 ကူးစက်ရောဂါအကြောင်း**

SARS-CoV-2 ကြောင့်ဖြစ်သော ကူးစက်ရောဂါဖြစ်ပွားလျှင် ဖျားခြင်းနှင့်ချောင်းဆိုးခြင်းကဲ့သို့သော အအေးမိရောဂါနှင့်ဆင်တူသော လက္ခဏာများကို တွေ့ရှိရသည်။ ရောဂါမပြင်းထန်ဘဲ ပျောက်ကင်းသွားသူများ များပြားသော်လည်း တဖက်တွင်လည်း ရောဂါပြင်းထန်လာလျှင် အသက်ရှူကျပ်ခြင်းစသည့် အဆုတ်ရောင်သည့်လက္ခဏာများ ပြင်းထန်လာကာ အသက်သေဆုံးသည်အထိ ဖြစ်သည့်အခါလည်းရှိပါသည်။

**ယခုအခေါက် ထိုးမည့် COVID-19 ကာကွယ်ဆေး (Takeda / Moderna ကုမ္ပဏီမှကာကွယ်ဆေး) ၏ထူးခြားချက်**

ဤဆေးသည် မက်ဆင်ဂျာ RNA (mRNA) ကာကွယ်ဆေးဖြစ်ပြီး၊ SARS-CoV-2 Spike ပရိုတိန်း (ဗိုင်းရပ်စ်မှ လူ၏ဆဲလ်များကိုထိုးဖောက်ဝင်ရောက်ရန်အတွက်လိုအပ်သောပရိုတိန်း) ၏ ဒီဇိုင်းပုံဖြစ်သည့် mRNA ကို အဆီအမြှေးပါးတွင်ပါဝင်သောပေါင်းစပ်မှုဖြစ်ပါသည်။ ဤဆေးထိုးခြင်းဖြင့် mRNA သည် လူ့ဆဲလ်များအတွင်း ပါဝင်ခြင်းဖြင့် mRNA ကိုအခြေခံ၍ ဆဲလ်အတွင်းတွင် Spike ပရိုတိန်းကိုထုတ်လုပ်ပြီး၊ Spike ပရိုတိန်းအပေါ် အာနိသင်ပြယ်စေသောပဋိပစ္စည်းထုတ်လုပ်ခြင်းနှင့် ဆဲလ်များမှကိုယ်ခံစွမ်းအားတုန့်ပြန်ခြင်းများ ဖြစ်ပေါ်စေခြင်းဖြင့် SARS-CoV-2 ကြောင့်ဖြစ်သော ကူးစက်ရောဂါကို ကြိုတင်ကာကွယ်နိုင်သည်ဟု တွေးထင်ကြပါသည်။

ဤဆေးတွင်အောက်ပါ ပါဝင်ပစ္စည်းများ ပါဝင်ပါသည်။

| | |
|---|---|
| Active ဖြစ်သောပါဝင်ပစ္စည်း | ✧ Elasomeran (လူ၏ဆဲလ်အမြှေးပါးများနှင့်ပေါင်းစပ်လုပ်ဆောင်မှုရှိသော Spike ပရိုတိန်း၏ အရှည်တစ်ခုလုံးကို ကုတ်(code)လုပ်ထားသော mRNA) |
| ထပ်ပေါင်းဆေး | ✧ SM-102: Heptadecan-9-yl 8-((2-hydroxyethyl) (6-oxo-6-(undecyloxy) hexyl) amino) octanoate)<br>✧ ကိုလက်စထရောဓာတ်<br>✧ DSPC: 1,2-Distearoyl-sn-glycero-3-phosphocholine<br>✧ 1,2-dimyristoyl-rac-glycero-3-methoxypolyethylene glycol-2000 (PEG 2000-DMG)<br>✧ Torometamol ✧Trometamol hydrochloride<br>✧ Glacial acetic acid ✧Sodium acetate hydrate<br>✧ သန့်စင်ပြီးသကြားဖြူ |

Covid-19 ကာကွယ်ဆေးအကြောင်း ထပ်မံသိရှိလိုပါက ကျန်းမာရေး၊ အလုပ်သမားနှင့်လူမှုဖူလုံရေး ဝန်ကြီးဌာန ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုပါ။

ကျန်းမာရေး၊ အလုပ်သမားနှင့်လူမှုဖူလုံရေး ဝန်ကြီးဌာန Covid-19 ကာကွယ်ဆေး | ရှာမည်

ဝက်ဘ်ဆိုက်ကို ကြည့်၍မရခဲ့ပါက သင်နေထိုင်သောဒေသန္တရအစိုးရဌာနများသို့ ဆက်သွယ်ပါ။